ချစ်သဲမေသီ

# ထိုအချစ်က စစ်မှန်ခဲ့သော်

## အပိုင်း (၂)



# အခန်း - ၆

"ဖေဖေရေ ဖေဖေ Sလေး ပြန် လာပြီ ..."

"ဖြည်းဖြည်းလုပ်ပါ ကြီးဒေါ်ရယ် ချော်လဲနေဦးမယ် ..."

S စာအုပ်ဆိုင်မှ အပြန် အိမ်ရှေ့ရောက်တာနှင့် စက်ဘီးကို ဒေါက်ထောက်ပြီး တကြော်ကြော် အော်ကာ အိမ်ထဲသို့ အပြေးတစ်ပိုင်း ဝင်သွားသည် ။ နောက်မှ ကျန်ခဲ့တဲ့ ကြယ်စင်မှာ တော့ သူမလေးကို စိုးရိမ်စွာ သတိပေးနေသော်လည်း မကြားပေ။

ဦးမိုးကြီးလည်း အိမ်ရှေ့မှ အော်ခေါ်သံကြောင့် အိပ်ရာပေါ်မှ ဆင်းကာ ထွက်လာခဲ့သည် ။ ပြီးတော့ စိုးရိမ်စွာဖြင့် Sလေး အနားသွားလိုက်ပြီး ...

"သမီး ဘာဖြစ်လို့ လဲ ဖေဖေ စိုးရိမ်လိုက်တာ ..."

"ဟီး ဘာမှ မဖြစ်ပါဘူး ဖေဖေရဲ့ ..."

S ဦးမိုးကြီးကို ဖက်လိုက်ရင်း ...

"ဖေဖေ မေထားရော ဟင် ..."

"အပြင် ခဏဆိုပြီးသွားတယ် သမီး ..."

"S ဟိုမှာ တီထား လာပြီ ..."

ကြယ်စင် အိမ်ရှေ့ကို မေးငေါ့ကာ ပြလိုက်သည် ။ S ဦးမိုးကြီးကို ဖက်ရာမှ လွှတ်လိုက်ပြီး ဒေါ်ထားမြင့်ဆီသို့သွား၍ လက်ကို ဆွဲကာ ဦးမိုးကြီးဆီသို့ ခေါ်လာခဲ့သည် ။

"သမီး ခွင့်တောင်းစရာ ရှိတယ် ဖေဖေနဲ့ မေထား ..."

"ပြောလေသမီး ဘာများ တောင်းဆိုစရာ ရှိတာလဲ ..."

ဦးမိုးကြီးနှင့်ဒေါ်ထားမြင့် Sလေး၏ မျက်နှာကို ကြည့်သည် ။ S ကလည်း သူတို့ နှစ်ယောက်ကို တစ်လှည့်စီ ကြည့်လိုက်ပြီး ...

"သမီး ထည်ဝါစံအိမ်ကြီးမှာ အလုပ်လုပ်ချင်တာ သိတယ်မို့လား ဟင် ... သမီးအခု အဲဒီဆီမှာ အလုပ်ရပြီ ကိုဘုန်းပြောပေးတာ ... အဲဒါ လုပ်ခွင့်ပြုပါနော် ဖေဖေနဲ့ မေထား ..."

ဦးမိုးကြီးနှင့် ဒေါ်ထားမြင့် Sလေး၏ စကားကြောင့် အဓိပ္ပာယ် ပါသော လေးနက်သော အကြည့် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြ၏။

`ဒါ သမီးအတွက် အခွင့်အရေးပဲ `

နှစ်ယောက်သား အတွေးကိုယ်စီနှင့် ထပ်တူကျမည်လည်း ထင်သည် ။ S ရဲ့ မိဘတွေကို အစ်ကိုကြီး သတ်တယ်ဆိုတာ ကိုတော့ ပြောတော့မည် မဟုတ် ...

"ဖေဖေနဲ့ မေထား ခွင့်ပြုပါတယ် ..."

"ရေး ... အဲဒါကြောင့် ဖေဖေနဲ့ မေထားကို ချစ်တာ မွမွ ..."

S သူတို့ နှစ်ယောက်ကို တစ်လှည့်စီ နမ်းလိုက်သည် ။

S အခုမှ ကြယ်စင်ကို သတိရကာ သူမကို ကြည့်လိုက်တော့ အပြုံးလှ

လှလေးနဲ့ မျက်ရည်များ ဝဲ၍ ဝမ်းသာ ပေးနေသည် ။

"Sလေး ကြယ်စင် ပြန်တော့မယ် ..."

"စက်ဘီးနားထိ လိုက်ပို့မယ် ..."

"အင်း ..."

S ကြယ်စင်ကို စက်ဘီးနားထိ လိုက်ပို့ကာ အိပ်ခန်းထဲသို့ တန်းဝင်ခဲ့သည် ။ အိပ်ရာပေါ်သို့ ပစ်လှဲကာ အတွေးတစ်ခုနှင့် ဖုန်းကိုဖွင့်ကာ cont acts မှ နံပါတ်တစ်ခုသို့ ဆက်လိုက်၏။

"baby i love you ... baby i love you"

ဘုန်း ဖုန်းကို ကြည့်လိုက်တော့ သူ သိပ်မြတ်နိုးရတဲ့ သူ့ရဲ့ ကလေးလေး ဖြစ်နေ၏။

"ဟဲလို Sလေး ..."

"ကိုဘုန်း ဖေဖေနဲ့ မေထားက အလုပ်လုပ်လို့ ရတယ်တဲ့ သဘောတူလိုက်ပြီ ... အဲဒါ ဘယ်နေ့ အလုပ်လုပ်ရမလဲ ..."

"တကယ်လား ... ကိုယ် ဝမ်းသာလိုက်တာ ... နောက်အပတ် စလုပ်လို့ ရပြီ ကိုယ်အားလုံး စီစဉ်ထားလိုက်မယ် ..."

"ဟုတ် ကျေးဇူးနော် ကိုဘုန်း ..."

"ဩော် ဒါနဲ့ မနက်ဖြန် အချိန်ရလား ကိုယ်နဲ့ အတူတူ ယောက်ျားလေး ဝတ်စုံတွေ သွားဝယ်ရအောင် ..."

"ဩော် ဟုတ်သားပဲ Sလေး ၁၂နာရီနောက်ပိုင်း အားတယ် ... ဒါပေမဲ့ Sလေးမှာ ဝတ်စုံတွေ အများကြီးဝယ်ဖို့ ပိုက်ဆံမရှိဘူး နှစ်စုံလောက်ပဲ အရင်ဝယ်နှင့်မယ်လေ ရတယ် မဟုတ်လား ..."

Sလေးက ပွင့်ပွင့်လင်းလင်း ပြောတတ်သည် ။ ဒါကြောင့်လည်း ဘုန်း Sလေး၏ စိတ်ဓာတ်ကို ကြိုက်သည် ။ ခုလိုပြောတော့လည်း သနားမိပြန်သည် ။

"ဟဲလို ကိုဘုန်း ..."

"ရတယ် ဝတ်စုံက အဲဒီဆီက အားလုံး ဝယ်ပေးတယ် ..."

"ဟုတ်လား သဘောကောင်း လိုက်တာနော် ..."

ဘုန်း သူဝယ်ပေးမည် ပြောလျှင် မယူမှာ သေချာသောကြောင့် ထိုသို့ ပြောလိုက်ခြင်း ဖြစ်သည် ။

"အင်း ဒါဆို မနက်ဖြန်မှ တွေ့မယ်နော် ..."

"ဟုတ် ဘိုင့်ဘိုင်"

"အင်း ဘိုင့်ဘိုင် ..."

ည ၇နာရီထိုးသည် နှင့် သူမတို့ လုပ်နေကျ အလုပ်ဖြစ်တဲ့ ညဈေးတန်းမှာ ဈေးရောင်း နေကြသည့်အချိန် ဖြစ်၏။

"Sလေး ..."

"ဟင် ဘာလဲ ကြယ်စင် ..."

ဈေးသည် များ အော်ဟစ် ရောင်းနေသော်လည်း ကြယ်စင်မှာ ဝမ်းနည်းနေသော မျက်နှာလေးနှင့် ... အော်ပြီး မရောင်းနိုင်ပါ ဘာကြောင့်လဲ ဆိုတော့ သူမ စံအိမ်ကြီးထဲ ရောက်တာနဲ့ တွေ့ဖို့ ရာ ခက်ခဲမည် မဟုတ်လား ...

"နင် တကယ်ပဲ သွားဖို့ ဆုံးဖြတ်ပြီးပြီလား ..."

စကားကို အစမရှိသလို ပြောသော်လည်း S အဓိပ္ပာယ်ကို သိသည် ။

"အင်း ငါတကယ် သွားမှာ ..."

"ငါတော့ လွမ်းရတော့မှာ ပဲ အဟင့်ဟင့် ..."

ကြယ်စင် Sလေးကိုဖက်ကာ မျက်ရည်များ နှင့် ပြောနေလေသည် ။

"ငါလည်း အတူတူပါပဲ လစ်ရင်လစ်သလို နင့်ဆီ လာခဲ့မယ်နော် ..."

"အံမယ် ထည်ဝါစံအိမ်ကြီးထဲ ရောက်သွားရင် သူတို့ ခွင့်ပြုချက်မရှိဘဲ အိမ်ပြင်ထွက် လာလို့ မရဘူး ဆိုတာ ..."

"ကြယ်စင် နင်မေ့နေတာလား ငါဘယ်သူလဲ Sလေးလေ ငါမရရအောင် လာခဲ့မှာ ... နင်စောင့်ကြည့်လိုက် ... လပြည့်ည ၁၁ နာရီခွဲ နင့်ငါ့ကို (...) အဲဒီဆိုင်မှာ စောင့်နေ အဲဒီဆိုင်က ညလည်း ဖွင့်တယ်လေ ... ဖေဖေနဲ့ မေထားကိုလည်း ခေါ်ခဲ့ ..."

"အေးပါ ..."

"ဒါပေမဲ့ ၁၂ခွဲလို့ မှ ရောက်မလာရင် ပြန်တော့နော် ..."

"ဒါ ဘယ်လောက်လဲ ညီမ ..."

သူတို့ ဈေးဝယ်သူလာမှ စကားရပ်သွားပြီး နှစ်ယောက်သား ပျော်ရွှင်မှုရော ဝမ်းနည်းမှုရော မျက်နှာမှာ ပေါ်နေသော်လည်း ဈေးရောင်းကတော့ မပျက်ပေ။

***

S ထုံးစံအတိုင်းပဲ စာအုပ်ဆိုင်မှာ အလုပ်လုပ်ပြီး ပြန်လာခဲ့သည် ။

ဘုန်း ဘယ်တော့မှ မစီးဘူးဆိုသည့်ကား သူ့ဖေဖေ ဦးဉာဏ်လင်း ကိုယ်တိုင် ပေးထားသော ကားလေးကို ယူကာ ထွက်လာခဲ့သည် ။ ဘုန်း ဘယ်တော့မဆို စက်ဘီးလေးကိုသာ အမြဲစီး ဖြစ်၏။

S တို့ အိမ်ရှေ့ ရောက်တော့ ဖုန်းထုတ်ကာ ဆက်လိုက်၏။

"ဟဲလို Sလေး ကိုယ်ရောက်ပြီ ..."

S ထွက်လာတော့ ပါးစပ် အဟောင်းသားလေးနဲ့ ဘုန်းက သူမကို ငေးငေးလေး ကြည့်နေ၏။

ထဘီနှင့်အင်္ကျီက အသစ်မဟုတ်သော်လည်း သူမဝတ်ထားသော အပြာနုရောင် ဝမ်းဆက်လေးက အသားဖြူသည် ထက် တောက်ပနေသည့် သူမ အသားအရေနှင့် လိုက်ဖက်သောကြောင့် အရမ်းလှသလို ချစ်စရာလည်း အရမ်းကောင်းနေသည် ။ ဆံပင် ကုပ်ကျော်ကျော်ကို မြှောက်ကာ စည်းထားသည် မို့ လည်တိုင် ဖွေးဖွေးလေးက အထင်းသားပင် ပေါ်လွင်နေ၏။

"အဟမ်း ..."

ဘုန်း Sလေးကို စိုက်ကြည့်နေသည် ကို နောက်မှ ပါလာသော ကြယ်စင်က ချောင်းတစ်ချက် ဟန့်လိုက်တော့မှ ဘုန်း သတိပြန်ဝင်ကာ ...

"လာ ကားပေါ်တက် ..."

"ကားကြီးက မိုက်လိုက်တာ ထည်ဝါ ကပဲ ပေးထားတာလား အစ်ကို ဘုန်း ..."

S ကားကို ကြည့်ကာ ပြောလိုက်တော့ ...

"အင်း ... ဒါနဲ့ ကြယ်စင်ရော လိုက်မှာ လား ..."

"ဟုတ် Sလေးက အတင်းခေါ်လို့ အဲဒါ ..."

ဘုန်း ကြယ်စင်ကို မလိုက်စေချင်၍ ဟု အထင်နှင့် ...

"ဒါဆိုလည်း တက်လေ နှစ်ယောက်စလုံး ..."

"ဟုတ် ..."

သူတို့ နှစ်ယောက်လည်း အနောက်ခန်းသို့ ဝင်ထိုင်လိုက်သည် နှင့် ဘုန်းကလည်း မောင်းသူနေရာမှာ ထိုင်လိုက်ပြီး ကားလေးကို ဆိုင်တစ်ဆိုင်သို့ ဦးတည်ကာ မောင်းလာခဲ့၏။

ဘုန်း ဆိုင်ရှေ့ရောက်တာနှင့် ကားပါကင်မှာ ကားထိုးလိုက်သည် ။

"ဆင်းလို့ ရပြီ ..."

Sလေးနဲ့ ကြယ်စင်မှာ တော့ တစ်ယောက်နဲ့ တစ်ယောက် မျက်လုံး အဝိုင်းသားနှင့် ပါးစပ်မှာ လည်း ...

"ဝိုး... မိုက်လိုက်တာ ဆိုင်ကြီးက အကြီးကြီးပဲနော် ..."

S ဘေးသို့ လှည့်ကြည့်ကာ ကြယ်စင် ကြားအောင် ပြောလိုက်သည် ။

"Sလေး အခုမှ ငါတို့ ဒီလိုဆိုင် ရောက်ဖူးတာနော် ... အရမ်းမိုက်တာပဲ ..."

"ဟုတ်တယ်ဟ ..."

ဘုန်း သူတို့ နှစ်ယောက်ကို ကြည့်ကာ သနားမိသည် ။

"လာ သွားကြမယ်လေ အထဲကို ..."

"ဟုတ် ..."

နှစ်ယောက်သား အထဲကိုရောက်တာနှင့် မိုက်လိုက်တာ ဆိုသည့် စ

ကားက ပါးစပ်ကကို မချဘဲ ကြောင်ငမ်းငမ်းတွေနှင့် ရေရွတ်နေကြသည် ။

"လာ ဝယ်ရအောင် ..."

ဘုန်း သူကိုယ်တိုင် Sလေးအတွက် ယောက်ျားလေး ဝတ်စုံတွေ အများကြီး ဝယ်ပေးသည် ။ အားလုံးဝယ်ပြီးတော့ အပြင်သို့ ထွက်လာတော့ ဆိုင်ရှေ့မှာ ကြယ်စင် အရုပ်မကို ဝတ်ပေးထားသော ဂါဝန်လေးကို ကြည့်နေတာမြင်တော့ သူ ကြယ်စင်အနားသို့ သွားလိုက်ပြီး ...

"ဈေးကြီးလိုက်တာ ..."

ကြယ်စင်တိုးတိုးလေး ပြောလိုက်မိသည် ။

"မင်းလိုချင်လို့ လား ..."

"အင်း ဒါပေမဲ့ ဈေးအရမ်းကြီးတယ် ကြယ်စင် မဝယ်နိုင်ဘူး ...

"ယူလေ ကိုယ်လက်ဆောင်အဖြစ် ဝယ်ပေးမယ် ..."

"တော်ပါပြီ ရပါတယ် ..."

"အဲဒီ ဂါဝန်လေးယူမယ် ..."

ဘုန်း ဆိုင်ဝန်ထမ်းပေးသည့် ဂါဝန်လေးကို ကြယ်စင်ကို ပေးလိုက်သည် ။

"ရော့ ဒါလက်ဆောင် ..."

ကြယ်စင်လည်း ယူလိုက်ပြီး ...

"ကျေးဇူးပါနော် ကိုဘုန်း ..."

"လာ သွားကြမယ် ဗိုက်ဆာရောပေါ့ ...

Shopping mall ထဲမှာ ရှိတဲ့ ဆိုင်ပဲ ထိုင်လိုက်ကြပြီး အစားအသောက်တွေ မှာ စားကြသည် ။

"Sလေး ..."

"ရှင် အစ်ကိုဘုန်း ..."

"ဒါပြီးရင် မင်းကို ဒီဇိုင်း ပြောင်းပေးမယ် ..."

"ကိုဘုန်း Sလေး ဆံပင်တွေ ကိုက်ရမှာ ပေါ့နော် ..."

"ကိုက်စရာ မလိုဘူး ဒါပေမဲ့ ဆံပင်တပ်နည်းတော့ ရအောင် သင်ခဲ့ မဟုတ်ရင် ယောကျ်ားလေး ဆံပင် ညှပ်ရလိမ့်မယ် ..."

"လာ သွားကြမယ် ..."

Sနှင့်ကြယ်စင်လည်း ဘုန်းခေါ်ရာ နောက်သို့ လိုက်ခဲ့သည် ။

အလှပြင်ဆိုင်ထဲသို့ ဝင်လာကြသည် ။

"အိုးမို ဘုန်း ကြားသားမိုးကြိုး ကျွန်မဆိုင် လာတယ် ..."

နွဲ့နွဲ့နှောင်းနှောင်း အခြောက်မတစ်ယောက်က ဘုန်းအနားသို့ ရောက် လာပြီး ပြော၏။

"သူ့ကို ဘယ်သူမှ မမြင်ဖူးတဲ့ ယောကျ်ားလေး စတိုင် ပြောင်းပေးလိုက်ပါ မိုက်မိုက် ..."

"စိတ်ချ ဘယ်သူမှ မမြင်ဖူးတဲ့ သူလေး ဖြစ်ရစေမယ် အဲဒီမှာ ခဏ စောင့် okနော် ..."

ဘုန်းနှင့်ကြယ်စင် ထိုင်ခုံမှာ ဝင်ထိုင်လိုက်သည် ။

***

"ကဲ ဆံပင် ပြန်တပ်ကြည့် သမီးလေး ..."

S ဆံပင် ပြန်တပ်ကြည့်တာ ဒီအကြိမ်ရောဆို ၃ကြိမ်မြောက် ဖြစ်သည် ။

"ရလား မိုက်မိုက် ..."

"Ok ရသွားပြီ အင်္ကျီလေးရော တစ်ခါတည်း ဝတ်ကြည့်ပါ သမီးရေ ...."

"ဟုတ် ..."

အိတ်ထုတ်ထဲက ရုပ်အင်္ကျီနှင့်အတူ ဘောင်းဘီခပ်တိုတို တစ်ထည်ကို ဝတ်လိုက်ပြီး ဘုန်းနဲ့ ကြယ်စင်တို့ ရှေ့ထွက်လာတော့ နှစ်ယောက်သား ပါးစပ်အဟောင်းသားနဲ့ သူမကို ငေးကြည့်နေကြသည် ။

"တကယ်တူတယ် သိလား နင့်အသားအရေလှတော့ မိန်းမချောချောတဲ့ ယောကျ်ားလေးပေါ့ ..."

ဘုန်း ပိုက်ဆံရှင်းကာ ထွက်လာကြသည် ။

အပြင်ရောက်တော့ ကြယ်စင်က Sလေး၏ အနားသို့ တိုးကပ်လိုက်ပြီး ...

"Sလေး နင် မလုပ်ကြည့်ချင်ဘူးလား ယောကျ်ားလေး တစ်ယောက်အနေနဲ့ မိန်းမအနား ချဉ်းကပ်ကြည့်တာကို ..."

"ဘာကိုလဲ ကြယ်စင် ..."

"ဟိုမှာ အရမ်းလှတဲ့ တစ်ယောက်မြင်လား"

"အင်း မြင်တယ်"

S ကြယ်စင်ပြရာသို့ လှမ်းကြည့်လိုက်တော့ လက်ကိုင်အိတ်ကိုကိုင်ကာ ကြော့ကြော့လေး လှမ်းလျှောက်လာသောသူ တစ်ယောက် အရမ်းကို ချောလှသည် ။

"ငါ ဘာလုပ်ရမလဲဆိုတာ သိပြီ ကြယ်စင် ..."

S ကြယ်စင်တို့ နှစ်ယောက် ရှေ့မှ ထွက်လာကာ လူတစ်ယောက်ဆီသို့ ...

***